# ကြေငြာချက်

## အယူခံဝင်ခြင်းနှင့် တရားမျှတသော ကြားနာစစ်ဆေးခြင်း– WIC အစီအစဉ်

WIC အစီအစဉ်၏ အကျိုးခံစားခွင့်များအတွက် သင်ကိုယ်တိုင်၏ သို့မဟုတ် သင့်ကလေး၏ အရည်ပြည့်မီမှုနှင့် ပတ်သက်၍ ချမှတ်ခဲ့သော မည်သည့် ဆုံးဖြတ်ချက်မဆိုကို သင်ကျေနပ်မှု မရှိပါက အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်–

1. ဤဆေးခန်း သို့မဟုတ် လုပ်ငန်းခွင်တွင် WIC လုပ်သားများနှင့် ပြောဆိုပါ။ မေးခွန်းများ သို့မဟုတ် ပြဿနာ အများစုမှာ နားလည်မှုလွဲခြင်း သို့မဟုတ် သတင်းအချက်အလက် မပြည့်စုံခြင်းတို့ကြောင့်ဖြစ်သည်။ အကယ်၍ သင်သည် အရည်အချင်းပြည့်မီပြီး ဒေသတွင်းတွင် အစီအစဉ် ဖွင့်လှစ်ထားခြင်းရှိပါက ဝန်ထမ်းသည် သင့်ကို ပါဝင်စေလိုပါသည်။

2. ဤနေရာအတွက် WIC ညှိနှိုင်းဆောင်ရွက်ရေးမှူးနှင့် စကားပြောဆိုရန်လည်း သင်မေးမြန်းနိုင်ပါသည်။

3. အထက်ပါ နှစ်ချက်ကို ပြုလုပ်အပြီးတွင် သင်ကျေနပ်မှု မရှိသေးပါက ပြည်နယ် WIC အစီအစဉ်မှ တရားမျှတသော ကြားနာစစ်ဆေးမှုတစ်ခု ပြုလုပ်ပေးပါရန် သင်တောင်းဆိုနိုင်ပါသည်။ ဤသို့ တောင်းဆိုရန် အောက်တွင် ဖော်ပြထားသော နံပါတ်ကို ဖုန်းခေါ်ဆိုပြီး ပြည်နယ် WIC ဒါရိုက်တာကို တောင်းဆိုခြင်းအားဖြင့် ပြုလုပ်ရမည်။ သို့မဟုတ် သင့်တောင်းဆိုချက်ကို ပြုလုပ်ရန် အောက်ပါလိပ်စာသို့ လိပ်မူရေးသားနိုင်ပါသည်။

**1-800-392-8209**
**WIC Fair Hearing Officer**
**WIC Program**
**PO Box 570**
**Jefferson City, MO 65102**

4. တရားမျှတသော ကြားနာစစ်ဆေးခြင်းတစ်ခုကို သင်တောင်းဆိုရာတွင် သင်၏ အရည်အချင်းပြည့်မီမှု၊ အရည်အချင်းမပြည့်မီမှု၊ ဖယ်ရှားခြင်း သို့မဟုတ် ခေတ္တရပ်ဆိုင်းခြင်းတို့ကို ဆုံးဖြတ်ချက်ချသည့် နေ့စွဲမှ **ရက် 60** အတွင်း ဆောင်ရွက်ရမည်။

5. WIC တရားမျှတသော ကြားနာစစ်ဆေးရေးအရာရှိသည် သင့်တောင်းဆိုချက်ကို လက်ခံရရှိပြီးနောက် **အလုပ်လုပ်ရက် 5 ရက်အတွင်း** သင့်ကို ဆက်သွယ်လိမ့်မည်။ သူသည် ကြားနာစစ်ဆေးခြင်းပြုလုပ်ရန် ရက်သတ်မှတ်လိမ့်မည်။ ထိုသတ်မှတ်မည့်နေ့ရက်မှာ သင်တောင်းဆိုသည့်ရက်မှ **အလုပ်လုပ်ရက် 21 ရက်အတွင်း** ဖြစ်လိမ့်မည်။

6. သင် သို့မဟုတ် သင့်ကိုယ်စားလှယ်က အချိန်နှင့် နေရာကို ပြောင်းလဲပေးပါရန် မတောင်းဆိုလျှင် ကြားနာစစ်ဆေးခြင်းကို စီစဉ်သတ်မှတ်ထားသည့် အချိန်နှင့် နေရာတွင် ပြုလုပ်လိမ့်မည်။ တောင်းဆိုမှုကို WIC ၏တရားမျှတသော ကြားနာစစ်ဆေးရေး အရာရှိမှတဆင့် ပြုလုပ်ရမည်။

7. ရှေ့နေအပါအဝင် သင်ရွေးချယ်သည် မည်သူမဆိုသည် သင့်ကို အကူအညီပေးခွင့် သို့မဟုတ် သင့်ကိုယ်စားပြောဆိုခွင့် ရှိပါသည်။

8. သင် သို့မဟုတ် သင်၏ကိုယ်စားလှယ် သို့မဟုတ် ရှေ့နေသည် ဒေသတွင်းရှိ WIC ညှိနှိုင်းဆောင်ရွက်ရေးမှူးထံမှ သို့မဟုတ် အထက်ဖော်ပြပါ လိပ်စာရှိ ပြည်နယ် WIC ဒါရိုက်တာထံမှ WIC ၏ တရားမျှတသော ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသေးစိတ် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ မိတ္တူတစ်စောင်ကို ရယူနိုင်ပါသည်။

9. WIC ၏တရားမျှတသော ကြားနာစစ်ဆေးရေး အရာရှိသည် သင့်အမှုအပေါ်ဆုံးဖြတ်ချက်ကို သင်နှင့် ဒေသတွင်းရှိ WIC ညှိနှိုင်းဆောင်ရွက်ရေးမှူးထံသို့ သင်တောင်းဆိုသည့်နေ့စွဲမှ **45 ရက်အတွင်း** ပေးပို့ပါမည်။

မစ်ဆိုရီ ကျန်းမာရေးနှင့် အသက်အရွယ်ကြီးသူများဆိုင်ရာ ဝန်ဆောင်မှုများဌာန
WIC နှင့် အာဟာရ ဝန်ဆောင်မှုများ

ဤအဖွဲ့အစည်းသည် အခွင့်အရေးကို သာတူညီမျှ ထောက်ပံ့သူဖြစ်သည်။